မြန်မာနိုင်ငံရှေ့နေများကောင်စီ
Burma Lawyers' Council

PO Box 29 Humark Post Office Bangkok 10243 Thailand Tel : (66) (02) 391 0759 Fax : (66) (02) 382 2153 E-mail : blcsan@ksc.th.com

# ဖွဲ့စည်းပုံအခြေခံဥပဒေ ဆိုင်ရာဆွေးနွေးပွဲ အမှတ်စဉ် (၁၂) သတင်းထုတ်ပြန်ချက်

နိုဝင်ဘာလ (၁၃ ) ရက်၊ ၂၀၀၄ ခုနှစ်။

မြန်မာနိုင်ငံရှေ့နေများကောင်စီမှ ကမကထပြုလျှက် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာဆွေးနွေးပွဲ အမှတ်စဉ် (၁၂)ကို ထိုင်းမြန်မာနယ်စပ်တနေရာတွင် နိုဝင်ဘာလ (၁၃) ရက်နေ့ကကျင်းပခဲ့ပြီး အောက်ပါအဖွဲ့အစည်းများမှ ပုဂ္ဂိုလ် များ တက်ရောက်ခဲ့ကြသည်။

| | | |
|---|---|---|
| ကရင်လူငယ်အဖွဲ့အစည်း | (KYO) မှ | (၅) ဦး |
| မြန်မာ့အမျိုးသမီး | (BWU)မှ | (၅) ဦး |
| မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားလူငယ် ကွန်ကရက် | (SYCB) မှ | (၁) ဦး |
| ရခိုင်ကျောင်းသားလူငယ်ကွန်ကရက် | (AASYC) မှ | (၄) ဦး |
| သတင်းမီဒီယာ စောင့်ကြည့်လေ့လာရေး အဖွဲ့ | (BMW) မှ | (၄) ဦး |
| မြန်မာနိုင်ငံရှေ့ နေများကောင်စီ | (BLC) မှ | (၅) ဦး |
| အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးကွန်ကရက် | (NDC) မှ | (၉) ဦး |
| အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်လွတ်မြောက်နယ်မြေ | (NLD-LA) မှ | (၂) ဦး |
| လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ | (DPNS) မှ | (၁) ဦး |
| ဒီမိုကရေစီနှင့်ဖွံ့ဖြိုးတိုးတက်ရေးအင်အားစု | (NDD) မှ | (၁) ဦး |
| စုစုပေါင်း | | (၃၇) ဦး |

သဘာပတိအဖြစ် လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ ဒုဥက္ကဋ္ဌ(၂)ဦးယဉ်ထွေး မှ ဆောင်ရွက်ခဲ့သည်။

ဒီမိုကရေစီနှင့်ဖွံ့ဖြိုးတိုးတက်ရေးအင်အားစုမှ ဦးမောင်မောင်ကြီးက ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းတွင် ထည့်သွင်းရေးဆွဲ အာမခံရမည့် ပြည်ထောင်စုဖွားတိုင်းရင်းသား လူမျိုးများ၏ ရပိုင်ခွင့်ကို ဆွေးနွေးရာ မြန်မာနိုင်ငံတွင် လူ့အခွင့်အရေးနှင့် ဒီမိုကရေစီ၊ တိုင်းရင်းသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်များ ဆိတ်သုဉ်းနေကြောင်း၊ မြန်မာနိုင်ငံတွင်ရှိသော ပြည်သူလူထုသည် မိမိတို့ ဘဝလုံခြုံရေးအတွက် အာမခံချက်မရှိကြောင်း၊ တိုင်းရင်းသားများ၏ တန်းတူရေးသည် အလွန်အရေးကြီးကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အနာဂတ်ပြည်ထောင်စုကိုဘယ်လိုဖွဲ့စည်းမလဲ။ တရားစီရင်ရေး၊ ဥပဒေပြုရေးနှင့် အုပ်ချုပ်ရေးကို ညီမျှစွာ ခွဲဝေကျင့်သုံးသင့်ကြောင်း၊ တိုင်းရင်းသားများ၏ တန်းတူရေးကို ဘယ်လိုဖေါ်ဆောင်မလဲ။ တရားစီရင်ရေးကို ဘယ်လိုပြန်ပြင်ဆင်မလဲ။ တိုင်းရင်းသားများထဲတွင် လူနည်းစုများ၏ အခွင့် အရေးကိုလည်း ဖေါ်ဆောင်ပေးသည့်ကြောင်း၊ တရားဥပဒေစိုးမိုးသော နိုင်ငံများတွင် ဖွဲ့စည်းပုံအခြေခံဥပဒေသည် အမြင့်ဆုံးဖြစ်ပြီး တရားဥပဒေ၏ အထက်တွင် မည်သူမျှမရှိကြောင်း၊ ဖွဲ့စည်းပုံရေးဆွဲသောအခါတွင် ပြည်ထောင်စုနှင့် ပြည်နယ်ဖွဲ့စည်းပုံတွင် အာဏာခွဲဝေကျင့်သုံးခြင်း (၂)ပိုင်းစလုံးတွင် လူမျိုးစု၊ လူနည်းစုများ၏ အကျိုးစီးပွားများကို ဖေါ်ဆောင်ပေးရန်လိုအပ်ကြောင်း ပြည်ထောင်စုစိတ်ဓါတ်ဆိုသည်မှာ တန်းတူခြင်း၊ လွတ်လပ်ခြင်း၊ ဒီမိုကရေစီကျခြင်း၊ တိုင်းရင်းသားများ၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို အသိအမှတ်ပြုခြင်း၊ စသည့်ကို ဆိုလိုရင်းဖြစ်ပြီး အဆိုပါ နိုင်ငံရေးအခွင့်အရေးများကို ထင်ဟပ်စေသော ဖွဲ့စည်း ပုံအခြေဥပဒေဖြစ်မှသာ တည်တံ့ခိုင်မြဲမှာဖြစ်ကြောင်း၊ တိုင်း

ရင်းသားများ၏ စာပေယဉ်ကျေးမှု၊ ဘာသာစကား ၊ ဓလေ့ထုံး တမ်းများကို ဖေါ်ဆောင်သွားနိုင်သည့် ပြဌာန်းခြင်းမျိုးများ ရှိသင့်ကြောင်းနှင့် CRPP အတွင်းရေးမှူး ဦးအေးသာအောင်၏ ၁၉–၂–၁၉၄၅ ခုနှစ် ဗိုလ်ချုပ် အောင်ဆန်း၏ မိန့်ခွန်းများအပေါ်စုစည်းတင်ပြမှုကိုလည်း ဖတ်ကြားရှင်းလင်းဆွေးနွေးသွားသည်။

ဆွေးနွေးပွဲ တက်ရောက်သူများမှ မေးမြန်းဆွေးနွေးရာ

- အကောင်းဆုံး ဖွဲ့စည်းပုံအခြေခံဥပဒေရှိရုံနှင့် လူ့အဖွဲ့အစည်း ကပြီးပြည့်စုံ ပြီလို့ပြောလို့ရမလား။
- ဗိုလ်ချုပ်အောင်ဆန်းပေးပို့သော သဝဏ်လွှာနှင့်ပတ်သက်ပြီးတော့ ဖတ်ပြသွားတဲ့ထဲမှာ ဗမာများထက် အဆင့်နိမ့်တဲ့ တိုင်းရင်းသားတွေကို လို့ပြောသွားတာက လူဦးရေကိုပြောတာလား။ လူနေမှုအဆင့်အတန်းနိမ့်တာ ကိုပြောတာလား။ စသည်တို့ကို မေးမြန်းသွားသည်။
-

**အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ)မှ ကိုဇော်ဝင်းထွန်းက ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ရွေး ချယ်တင်မြောက်ပုံစနစ်အကြောင်းကို ဆွေးနွေးရာ–**

ဒီမိုကရေစီစနစ်တွင် လူသားအားလုံးရဲ့ တန်းတူမှုအခြေခံကို ရွေးကောက်ပွဲကပေးကြောင်း၊ ပြည်သူလူထု၏ ဆန္ဒကို ရွေးကောက်ပွဲများတွင်သာ တွေ့နိုင်ကြောင်း၊ ရွေးချယ်တင်မြောက်ခြင်းဟာ တိုင်းပြည်အတွက် အရေးကြီးသော အချက်တခုဖြစ်ကြောင်း၊ မိမိတို့ကို အုပ်ချုပ်မည့်သူကို မိမိတို့ကိုယ်တိုင်ရွေးချယ် ရသည့်အတွက် အရေးကြီးခြင်းဖြစ်ကြောင်းသည်။ ရွေးကောက်ပွဲစနစ်တွေမှာဆိုရင် တနိုင်ငံနှင့်တနိုင် ကျင့်သုံးပုံခြင်းမတူကြောင်း၊ ရေရှည်အကျိုးကတော့ ဒီမိုကရေစီအဆောက်အအုံ တည်တံ့ခိုင်မြဲစေရန် ဖြစ်ကြောင်း၊ တည်မြဲပြီးသော စနစ်တခုကို ပြန်လည်ပြုပြင်ရန် ခက်ခဲတဲ့အတွက် သေချာစွာစဉ်းစားရွေးချယ်သင့်ကြောင်း၊ အဓိကအားဖြင့် ရွေးချယ်တင်မြောက်ပုံစနစ် (၂)ခုရှိကြောင်း၊ မဲအများစုရသူနိုင်သည့်စနစ်နှင့်၊ အချိုးကျကိုယ်စားပြုသည့် စနစ်တို့ဖြစ်ကြောင်း၊ တို့ဖြင့်အခြေခံကာ ၎င်းစနစ်(၂)ရပ်၏ အားကောင်းချက်၊ အားနည်းချက်များကို နှိုင်းယှဉ်ဆွေးနွေးသွားသည်။ မြန်မာနိုင်ငံမှာ တိုင်းရင်းသားလူမျိုးပေါင်းစုံနှင့် ဖွဲ့စည်းထားသဖြင့် အောက်လွှတ်တော်တွင်လည်း တိုင်းရင်းသားလူနည်းစုပါတီများ နေရာရနိုင်ရမည့် အချိုးကျကိုယ်စားပြုစနစ်ကို ကျင့်သုံးသင့်ကြောင်းဖြင့် ၎င်း၏အကြံပြုချက်ကိုလည်း တင်သွင်းဆွေးနွေးသွားသည်။

**အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးကွန်ဂရက်မှ နော်မီးမီးနူးက ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံများကို နှိုင်းယှဉ်ဆွေးနွေးရာ –**

– ဖွံ့ဖြိုးတိုးတက်မှု၏ အဓိပ္ပါယ်ကို ရှင်းလင်းဆွေးနွေးပြီး နိုင်ငံတနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် စီးပွားရေး၊ လူမှုရေး၊ ပညာရေး စသည့်အခွင့်အရေးအားလုံးကို ပြဌာန်းဖို့လိုကြောင်း၊ န.အ.ဖစစ်အစိုးရက လက်ရှိမြန်မာနိုင်ငံတွင် ဖွံ့ဖြိုး တိုးတက်သည်ဟု ဆိုသော်လည်း တကယ်တွင် ဖွံ့ဖြိုးတိုးတက်မှုမရှိကြောင်း၊ ပညာရေးနှင့်ပတ်သက်ပြီး မြန်မာနိုင်ငံမှ ကျောင်းသားအများစုသည် ထိုင်းနိုင်ငံ ဒုက္ခသည်စခန်းများသို့ လာရောက်ပညာသင်ကြားကြကြောင်း၊ မြန်မာနိုင်ငံ လွတ်လပ်ရေးမရခင် အချိန်တွင် အရှေ့တောင်အာရှတွင် ပညာရေးတွင် အမြင့်ဆုံးတိုင်းပြည်ဖြစ်၍ အခြားနိုင်ငံများမှ ကျောင်းသားများ လာရောက်ပညာသင်ကြားကြရကြောင်းဖြင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖွဲ့စည်းပုံအခြေခံ ဥပဒေတွင် မည်သို့ထည့်သွင်းပြဌာန်းမည်ကို စဉ်းစားရန်လိုကြောင်း စသည့်သမိုင်းကြောင်းများနှင့် တကွရှင်းလင်း တင်ပြသွားသည်။

မြန်မာနိုင်ငံရှေ့နေများကောင်စီ အထွေထွေအတွင်းရေးမှူး ဦးအောင်ထူးနှင့် ခရမ်းမြို့နယ်လွှတ်တော်ကိုယ်စားလှယ် ဦးကျော်သွင်တို့က ဆွေးနွေးမှုအားလုံးအပေါ် ခြုံငုံသုံးသပ်သွား ခဲ့ပြီး သဘာပတိ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ ဒု–ဥက္ကဌ ဦးရင်ထွေးမှ နိဂုံးချုပ်မိန့်ခွန်းပြောကြားကာ ဆွေးနွေးပွဲ ကို အဆုံးသတ်ခဲ့သည်။